ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

SECM

ညွှန်ကြားချက်အမှတ် ( ၂ /၂၀၂၀)

# အီလက်ထရောနစ်နည်းဖြင့်ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းစာရင်းဖွင့်လှစ်ခြင်း ဆိုင်ရာညွှန်ကြားချက်

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ( ၈ ) ရက်
(၂၀၂၀ ပြည့်နှစ်၊ မေ လ ၂၉ ရက်)

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ၊ အခန်း (၁၃)၊ ပုဒ်မ ၇၁(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အီလက်ထရောနစ်နည်းဖြင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းစာရင်းဖွင့်လှစ်ခြင်းဆိုင်ရာ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ အီလက်ထရောနစ်နည်းဖြင့် စာရင်းဖွင့်လှစ်ခြင်း ဝန်ဆောင်မှုဆောင်ရွက်သော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ဤကော်မရှင်က (၂၉-၂-၂၀၁၆) ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ် (၁/၂၀၁၆) ကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည့်အပြင် အီလက်ထရောနစ်နည်းဖြင့် စာရင်းဖွင့်လှစ်ခြင်း ဝန်ဆောင်မှုအတွက် အောက်ဖော်ပြပါစနစ်များနှင့် ထိန်းချုပ်ကွပ်ကဲမှုများကို အနည်းဆုံးချမှတ် ဆောင်ရွက်ထားရှိရမည်-

(က) လုံလောက်သည့် ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုစနစ်များ၊ ခိုင်မာသည့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုနှင့် စာရင်းကိုင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

(ခ) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ လုပ်ငန်းဌာနတွင်း မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် တာဝန်ခံရမည့်ကိစ္စရပ်များ။

၂။ အီလက်ထရောနစ်နည်းဖြင့် စာရင်းဖွင့်လှစ်ခြင်းဝန်ဆောင်မှု ဆောင်ရွက်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်-

(က) အီလက်ထရောနစ်နည်းဖြင့် စာရင်းဖွင့်လှစ်ခြင်း ဆောင်ရွက်ရာတွင် လိမ်လည်မှုဖြစ်ပွားသည်ဟု သံသယဖြစ်ဖွယ်ရှိခြင်း သို့မဟုတ် ဖြစ်ပွားကြောင်းကို အတည်ပြုနိုင်သည့်အချက်များတွေ့ရှိပါက ကော်မရှင်သို့ ဆောလျင်စွာ အသိပေးတင်ပြရမည်၊

(ခ) အီလက်ထရောနစ်နည်းဖြင့် စာရင်းဖွင့်လှစ်ခြင်း ဝန်ဆောင်မှုဆိုင်ရာစာရင်းများ၊ ဆက်သွယ်ဆောင်ရွက်သူများနှင့် စပ်လျဉ်းသည့် မှန်ကန်ပြည့်စုံသော အချက်အလက်များကို မှတ်တမ်းပြု ထိန်းသိမ်းထားရှိရမည်၊

(ဂ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူထံမှ စာရင်းဖွင့်လှစ်ရန် သတင်းအချက်အလက်များရယူရာတွင် ယင်းသတင်းအချက်အလက်များ မှန်ကန်ကြောင်း အတည်ပြုရန်အတွက် လိုအပ်သည့် အထောက်အထားများအား မပျက်မကွက် ရယူရမည်၊

(ဃ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများမှ လျှောက်လွှာတွင် ဖော်ပြထားသည့် သတင်းအချက်အလက်များအားလုံး ဖြည့်စွက်စေရမည်၊

(င) အီလက်ထရောနစ် နည်းလမ်းဖြင့်ဖြစ်စေ၊ စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများနှင့် သဘောတူညီချက်စာချုပ် ချုပ်ဆိုထားရမည်၊

(စ) နည်းပညာအသစ်များ သို့မဟုတ် ဝန်ဆောင်မှုအသစ်များနှင့် ချိတ်ဆက်ဖြစ်ပေါ်လာသော ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာဆုံးရှုံးနိုင်ခြေများအားလုံးကို သတ်မှတ်ဖော်ထုတ်ခြင်း၊ စိစစ်အကဲဖြတ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ စီမံခန့်ခွဲခြင်းနှင့်ကုစားခြင်းတို့အတွက် အစီအစဉ်များကိုကော်မရှင်မှ ထုတ်ပြန်ထားသည့် Risk Management Guideline နှင့်အညီ ချမှတ်ထားရမည်၊

(ဆ) ဆုံးရှုံးနိုင်ခြေစိစစ်အကဲဖြတ်ခြင်းနှင့်သတိပြုရမည့် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ စာဖြင့် ရေးသားမှတ်တမ်းတင်ရမည်ဖြစ်ပြီး ကော်မရှင်က တောင်းခံသည့်အခါ ချက်ချင်း တင်ပြနိုင်ရေးအတွက် ပြုစုထားရမည်၊

(ဇ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ဆောင်ရွက်ချက်များ ပြုလုပ်ရာတွင် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၊ ပြည်တွင်းပြည်ပတွင် ဩဇာတိက္ကမရှိသူများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာတွင် ဩဇာတိက္ကမရှိသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် ၎င်းတို့နှင့်ဆက်နွယ်သူများမည်သူမည်ဝါဖြစ်ကြောင်းကိုဖော်ထုတ်ရာ၌ ငွေကြေးခဝါချမှုဥပဒေ အခန်း (၈) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) နှင့် အညီဆောင်ရွက်ရမည်၊

(ဈ) မြန်မာနိုင်ငံသားများကိုသာ အီလက်ထရောနစ်နည်းဖြင့် စာရင်းဖွင့်လှစ်ခြင်း ဆောင်ရွက်ပေးရမည်။

၃။ ကော်မရှင်သည် အီလက်ထရောနစ်နည်းဖြင့် စာရင်းဖွင့်လှစ်ခြင်းဝန်ဆောင်မှု ဆောင်ရွက်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ ဖော်ပြပါလိုက်နာရန် လိုအပ်ချက်များကို အပြည့်အဝလိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ၊ အီလက်ထရောနစ်နည်းဖြင့် စာရင်းဖွင့်လှစ်ခြင်းဝန်ဆောင်မှုစနစ်၊ မှတ်တမ်းများနှင့် စာရင်းစာအုပ်များကို အခါအားလျော်စွာ စစ်ဆေးမည်။

၄။ အီလက်ထရောနစ်နည်းဖြင့် စာရင်းဖွင့်လှစ်ခြင်း ဝန်ဆောင်မှုဆောင်ရွက်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ယင်းတို့နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ဆောင်ရွက်ချက်များအား စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်ရန်တာဝန်ရှိသည်။

( မောင်မောင်ဝင်း )

ဥက္ကဋ္ဌ

စာအမှတ် ၊ ကော်မရှင်/ဈေးကွက်ကြီးကြပ်/၈၄၄ /၂၀၂၀

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ မေလ ၂၉ ရက်

ဖြန့်ဝေခြင်း

ရန်ကုန်စတော့အိပ်ချိန်း

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ